ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ဆင်ခေါင်းကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆင်ခေါင်းကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

ဆင်ခေါင်းကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆင်ခေါင်းကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၉**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

ကိုးကားစာရင်း ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆင်ခေါင်းကျေးရွာ
မင်းဘူး(စကု)မြို့နယ်

ဆင်ခေါင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထို ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူ အညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိ လာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ကျေးရွာသည် မင်းဘူး-အမ်းလမ်းမပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့်(၇)မိုင်၊ မကွေးမြို့နှင့်(၁၂)မိုင်ကွာဝေးပြီး ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ မိုးရေကိုသာ အားထားရသောကြောင့် ယာမြေများအတွက် ရေလုံလောက်မှုနည်းပါသည်။ ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများ မရှိဘဲ မြေပြင်အနေအထားမှ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ နှမ်းနှင့် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်တို့အတွက် အဓိက အားထားရာ ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ ဆည်ရေသောက်လယ်မြေကေ (၁၉၃.၂၅)ကေရှိပြီး စိုက်ပျိုးရေလုံလောက်စွာ ရရှိသဖြင့် စိုက်ပျိုးရေးကောင်းမွန်ပါသည်။ ယာမြေဧရိယာကေ (၃၈၇၁.၅၀)ကေမှာ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရပါသည်။ မိုးခေါင်သောနှစ်တွင် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ ယာမြေများ စိုက်ပျိုးရေး အဆင်ပြေရန် ရေတွင်းများ တူးဖော်ရန် လိုအပ်ပါသည်။ စပါး၊ နှမ်းနှင့် ပဲအမျိုးမျိုးကို အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၁၁) စုနှင့် ကျား (၂၄၆၆) နှင့် မ (၂၂၁၀) ဦး ဖြင့် လူဦးရေပေါင်း (၄၆၇၆)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၄% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက် ၁ ဦး ပိုများပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၇၈.၃၆%သည် ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ပြီး ၅.၁၁% သည် ချမ်းသာသည့်အဆင့်၊ ၁၆.၅၁% သည် အလယ်အလတ်ရှိသော အိမ်ထောင်စုအဖြစ် သတ်မှတ်ပါသည်။ ကျေးရွာတွင် ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ အနည်းငယ် ပိုင်ဆိုင်မှုနှင့် သဘာဝဘေးရေဖြင့် စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော ယာသမားအိမ်ထောင်စုများအပြင် အခြားယာသမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ခွေလှေ့စက်စသော အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် ဝန်ထမ်းအချို့လည်းငွေရေးကြေးရေး အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ် ပိုင်ဆိုင်သော ယာသမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၃၂.၁၂%) ထိရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆိုလာစက်ရုံလုပ်ငန်းများတွင် လုပ်ကိုင်ရှာဖွေ စားသောက်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့် အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၃၀၂)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၀၀% မှာ သူတစ်ပါးထံမှ

ချေငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀၀ ကျပ်မှ ၁၅၀၀၀၀၀ ကျပ်အထိ တင်ရှိနေကြပါသည်။

ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂၆)စုနှင့် မုဆိုးဖို/မ ဦးဆောင်သည့် အိမ်ထောင်စု(၃၀)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည်အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ ကျွန်တော်တို့ကျေးရွာတွင် ဖြစ်ပွားတတ်သောရောဂါများမှာ ဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုးအာဟာရချို့တဲ့မှုနှင့် အခြားကူးစက်နိုင်သောရောဂါများအနည်းငယ်ဖြစ်ပွားတတ်ကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျန်းမာရေးဗဟုသုတနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာ၏ မူလတန်းလွန်ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား-မကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရှိရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်း များတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်က ပိုများပါသည်။ အုပ်ချုရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်ဖွဲ့စည်းမှု မရှိပါ။ ထို့ကြောင့် ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။ သို့သော် ကျေးရွာတွင် လုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂) ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၃)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၂)ဖွဲ့တို့ရှိသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲနှင့်တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှုရှိကြသည်။ သို့သော် အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှမ်းနှင့် ပဲအမျိုးမျိုးတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ နှမ်းနှင့် ပဲအမျိုးမျိုး စိုက်ကေ (၃၈၇၁.၅၀)ကေရှိပါသည်။ နှမ်း (၁)ကေလျှင် (၂)တင်းမှ (၇)တင်းနှုန်းထွက်ရှိပြီး ပဲအမျိုးမျိုး (၁)ကေလျှင် (၁၅)တင်းမှ (၄၀)တင်းနှုန်း ထွက်ရှိသော်လည်း ဈေးကွက် မတည်ငြိမ်မှုကြောင့် တောင်သူများမှာ အမြတ်ရရှိမှု အလွန်နိမ့်ပါသည်။ ထိုကြောင့် သီးနှံဈေးကွက်များ တည်ငြိမ်မှုရှိအောင် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေးရန် လိုအပ်ပါသည်။ ၎င်းနှမ်းနှင့် ပဲအမျိုးမျိုးကို အဓိကသဘာဝမိုးရေမှ ရေရရှိစိုက်ပျိုးကြသည်။

တောင်သူအများစုသည် ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကို ရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို မတတ်နိုင်မှုကြောင့် အများနည်းတူ သီးနှံထွက်ရှိမှု လျော့နည်းသည်။ တခါတရံတွင် တောင်သူ

များသည် မိုးရွာသွန်းမှုမညီမျှ ရင်ဆိုင်ရတတ်သည်။ နှမ်းနှင့် ပဲအမျိုးမျိုးစိုက်ခင်းများတွင် လည်း ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းပိုးများသည် ပိုးသတ်ဆေး တစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်း စနစ်ကို လိုလားနေ ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်(၅)စီး၊ လက်တွန်းထွန်စက်(၇)စီး၊ ခြွေလှေ့စက်(၃)စီး၊ ရေစုပ်စက်(၁၂)ခုနှင့် အခြားနွားစာစဉ်းစက် (၅)စီးသာရှိပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ (၁၆၁)စုရှိပြီး ဒေသဝက်မျိုးများ ကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာလည်း တစ်ရွာလုံး၏(၂၅၅)စုရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါ၊ ကြက်နာရောဂါများအဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုများရရှိရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စုမှာ (၂၇၂)စုရှိသော်လည်း ရာသီအလိုက် ဖြစ်ပွားတတ်သော ခွာနာ၊ လျှာနာ၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရ ဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းစုများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ အလာကောင်းတစ်ရပ် ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်း ဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် ထိတွေ့မှုနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာ

အရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြပါ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစားဓါတု ပိုးသတ်ဆေးကိုသာ အသုံးပြုမှုများလာပါသည်။ လူနေထူထပ်ခြင်းနှင့် အဆောက်အဦးများပေါများစွာ ဆောက်လုပ်ခြင်းနှင့် ရာသီဥတု ဖောက်ပြန်မှုနှင့် တောင်သူများ၏ ပိုးသတ်ဆေးများ စနစ်တကျ အသုံးမပြုခြင်းကြောင့် အပင်မျိုးစိတ်များနှင့် ဖျက်ပိုးရောဂါကာကွယ်ထိန်းချုပ်မှုမှာ အသင့်အတင့်ဖြစ်သည်။ ကျွတ်ကျွတ်အိတ်များ ပိုးသတ်ဆေးအခွံများ မဆင်မခြင်စွန့်ပစ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရသောကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အန္တရာယ် ဖြစ်ပွားမှုမြင့်မားပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ အပေါင်ခံပစ္စည်းအဖြစ် ပုံစံ(၇)စာအုပ်ပေးရပြီး အတိုးနှုန်းမှာ (၀.၇)ပြားနှုန်းဖြစ်ပြီး (၆)လတစ်ကြိမ် ပြန်လည်ပေးဆပ်ရပါသည်။ ရွာတွင်းရှိ ပိုက်ဆံချမ်းသာသူထံမှ (၇)ကျပ်တိုးနှုန်းဖြင့် (၃)လတစ်ကြိမ် ဆပ်ချေးပေးသော်လည်း လူတိုင်းမရနိုင်ပါ။

ကျွန်တော်တို့ကျေးရွာတွင် စားသောက်နေထိုင်ရေးအတွက် ဆင်းရဲသောမိသားစုများ၏ (၃၀)ရာခိုင်နှုန်းဝမ်းစာဖူလုံမှုစစ်တမ်းများမှာ (၃)လအောက်(၇၈)အိမ်ထောင်စု၊ ၃ လနှင့် ၆လ အောက် (၅)အိမ်ထောင်စုနှင့် ၆လမှ ၁၂လအထိ (၇၁)အိမ်ထောင်စုတို့အသီးသီးဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများသည် စားဝတ်နေရေး ပြေလည်စေရန် ချေးယူဖြေရှင်းရသဖြင့် အကြွေးတင်ရှိမှုများလည်းရှိကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းလွန်ကျောင်းကို အလျား ၉၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ ကျယ်ဝန်းပြီး သွပ်မိုး၊ အုပ်နံရံကာနှင့် ကွန်ကရစ်ခင်းကျောင်းဆောင်ဖြစ်ပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး ဘုန်းကြီးကျောင်းပညာရေးတတ်မြောက်သူ (၁၀၀၃)ဦးရှိပါသည်။ မူလတန်းအောင်လူဦးရေမှာ ပိုများပါသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ

မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက်ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် (၉)နှစ်၊ အလယ်တန်းတွင် (၁၄)နှစ်ထက်ကြီးသော ကျောင်းသား/သူများပါရှိသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်ပြီး ကျောင်းဆရာ/ဆရာမ (၃၁)ဦးရှိသည်။ တပည့်-ဆရာအချိုးညီမျှသော်လည်း ဘာသာရပ်သင်ကြားမှုနှင့် ပတ်သက်လျှင် မညီမျှပါ။ ယခုလက်ရှိတွင် မူလတန်းပညာကျောင်းထွက်နှုန်း မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာလုံလောက်မှုရှိပြီး ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုဟူ၍ မရှိပါ။ သို့သော် ကျောင်းအား ကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုရှိသော်လည်း ငွေကြေးမတတ်နိုင်ကြပါ။

ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုအဖြစ် ကျေးလက်ကျန်းမာရေး ဌာနရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး(၁)ဦး၊ သားဖွားဆရာမ(၂)ဦးနှင့် ကြီးကြပ်(၂)-(၃)ဦးရှိပါသည်။ အခန်းကုတင်နှင့် ဆေးနှင့် ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ လုံလောက်မှုနည်းပါသည်။ မြို့နယ်ဆေးရုံသို့လည်း သွားရောက်၍ ဆေးကုသမှုများ ပြုလုပ်ကြ ရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် သောက်သုံးရေအတွက် ရေတွင်းသုံးစွဲသော မိသားစု(၆)စု၊ အဝိစိ တွင်း၊ စက်တပ်သုံးစွဲသူ (၁၅)စု၊ အဝိစိတွင်းမှ ဝယ်ယူမျှဝေသုံးစွဲသောဦးရေ (၁၁၅၀)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သောက်သုံးရေရရှိမှု ကောင်းမွန်၍ နွေ၊ မိုး၊ ဆောင်း လုံလောက်မှု ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေးဗဟုသုတရှိခြင်းကြောင့် အိမ်ထောင်စု (၁၂၁၁)လုံး ယင်လုံအိမ်သာ အသုံးပြုပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးကဏ္ဍတွင် လူမှုရေးလုပ်ငန်းများနှင့် ဘာသာရေး လုပ်ငန်းများတွင် ပါဝင်မှုရှိပါသည်။ အားကစားပစ္စည်းအချို့အား လက်လှမ်းမီသော်လည်း ပြုလုပ်မှုနည်းပါးပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုရှိသော်လည်း နည်းပါးပါသည်။ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးရှိပါသည်။ စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီ မှုရှိသည်။

(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးသုံးစွဲရပါသည်။ မိုးတွင်းနှင့် နွေတွင်းလမ်းများ အလွန်ဆိုးပါသည်။ လမ်းအရှည်မိုင်မှာ(၁၁)မိုင်ဖြစ်ပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၆၆)စီး၊ ဆိုင်ကယ် (၆၀၂)စီး၊ သုံးဘီး ဆိုင်ကယ် (၈)စီးနှင့် ကား (၁၂)စီးနှင့် နွားလှည်း(၂၉၇)စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

ကျွန်တော်တို့ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုမှာ အိမ်ထောင်စု (၁၂၁၁)စုလုံး မဟာဓါတ်အား လှိုင်းမှ ရရှိပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ အသင့်အတင့် မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူ ဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော် အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(စျ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းသောကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် မည့်သူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ သို့သော်အရံမီးသတ်တပ်ဖွဲ့များရှိပါသည်။ သို့သော်စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်းမရှိပါ။ ရွာသူ/သားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာရှိသဘာဝအရင်းအမြစ်များတွင် ယာမြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီညြေ အတွက်အတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည်လယ်ယာထွက်ကုန်များကို အလွယ် တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် အထောက် အပံ့ဖြစ်သည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာရှိထွက်ကုန်များကို အချိန်မှီတင်ပို့ ရောင်းချနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြအဖြစ် စိုက်ပျိုးပြီးချိန်တွင် လွယ်ကူစွာ ရရှိပါသည်။ ရေရရှိမှုမှာ ကန်ရေ၊ မြောင်းရေများရရှိပါသည်။ သွင်းအားစုစျေးကွက်များအဖြစ် တိမွေးကုများမှ ဝယ်ယူရရှိပါသည်။ ထုတ်ကုန်ဝန်ဆောင်မှု လက်လှမ်းမီပါသည်။

ကျေးရွာတွင် စိုက်၊ မွေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာရှင်များနှင့် ချိတ်ဆက်၍ သင်တန်းများပေးပြီး ကျေးရွာတွင်းတွင် ပုံမှန်ဝင်ငွေများ ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျွန်တော်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေများသည် နှစ်များကြာပြီဖြစ်သော်လည်း ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း၊ ဓာတုဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ စနစ်တကျ မသုံးစွဲခြင်းတို့ကြောင့် ပျက်စီးမှုများရှိပါသည်။ စိုက်ပျိုးချေးငွေ ရရှိသော်လည်း လုံလောက်မှုမရှိပါ။ စိုက်ပျိုးစရိတ်ချေးငွေ မလုံလောက်ခြင်းကြောင့် စိုက်ပျိုးရေးသွင်းအားစုများကိုလည်း အချိန်မီမသုံးစွဲနိုင်ပါ။ စိုက်ပျိုးရာသီသာ အလုပ်အိုကုင်ရှိ၍ ကျန်အချိန်များတွင် နယ်သို့ထွက်၍ အလုပ်လုပ်ကိုင်ရခြင်းများလည်းရှိပါသည်။ ရေအရင်းမြစ်များရရှိနိုင်မှုမှာ မိုးရေကိုသာ အားထားစိုက်ပျိုးရပါသည်။ ထို့ကြောင့် ယာမြေများမှာ စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးပြီး ဓာတုဆေးများကို စနစ်တကျမသုံးစွဲတတ်ပါ။

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းများအား ထိတွေ့မှုအားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာရှိအခြေခံအဆောက်အအုံများ၊ကျေးရွာလမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေလူထုအတွက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်း များ ရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိ စေမည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေ ရမည်။

က.၄)ကျွန်တော်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှ တစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကို တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် လမ်းများကောင်းမွန်အောင် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာသူ/သားများထည့်ဝင်ငွေဖြင့် လမ်းများကိုပြုပြင်ထိန်းသိမ်း သွားမည် ဖြစ်ပါသည်။

ခ.၂) ကျွန်ုပ်တို့သည် ဇာထိုးပန်းထိုး၊ စက်ချုပ်၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ အလှပြင်၊ မိုဘိုင်ဖုန်းပြင်၊ ကွန်ပျူတာအခြေခံသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသား များကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် ငွေကြေး အရင်းအနှီးလုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး ဆောင်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာန နှင့်ချိတ်ဆက်ပြီး မူလတန်းမှ မူလွန်ကျောင်းများရရှိရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည် ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအား ပေးဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

ကျေးရွာတွင် အများစုသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြသည်။ စပါး၊ နှမ်းနှင့် ပဲမျိုးစုံကို စိုက်ပျိုးကြသည်။ မျိုးကောင်းမျိုးသန့် မရရှိခြင်းနှင့် အချိန်မီမစိုက်ပျိုးနိုင်ခြင်းမှာ အဓိကပြဿနာဖြစ်သည်။ စိုက်ပျိုးရေးအသိပညာနည်းပါးခြင်း၊ ခေတ်မီစက်ကြီးများနည်းပါးခြင်းတို့ကြောင့် လုပ်အားကို အားကိုးရပါသည်။ ထိုစိုက်ပျိုးချိန်တွင် လုပ်အားခန္ဓနန်းများ ဈေးကြီးခြင်း၊ ခေါ်ယူ ရခက်ခြင်းတို့ကြောင့် စိုက်ပျိုးချိန်တွင်အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး နည်းပညာများနှင့် ခေတ်မီစိုက်ပျိုးရေး၊ စက်ကြီးများ ဝယ်ယူနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား၊ ယာသမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေး

လုပ်ငန်းများ အတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် လိုအပ်သော ချေးငွေရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ပေးရေးအဖွဲ့များ၊ NGO များထံမှ အကူအညီရယူခြင်းတို့ဖြင့် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်း

ကျေးရွာတွင် အထက်တန်းကျောင်းရှိပါသည်။ သို့သော်ကျောင်းတွင် ကျောင်းသားအင်အား များပြားခြင်းကြောင့် အတန်းခွဲများ ပြုလုပ်သင်ကြားနိုင်ရန် ကျောင်းဆောင်များ မလုံလောက်ခြင်း၊ ဆရာ/မအင်အား မလုံလောက်ခြင်း၊ အထူးသဖြင့် မူလတန်းတွင် ကျောင်းသားဆရာအချိုး မညီမျှခြင်းများရှိပါသည်။ ထို့ပြင် အထက်တန်းကျောင်း အဂၢိရပ်နှင့် ပြည့်စုံရန် သိပ္ပံလက်တွေ့ခန်း၊ ဓါတ်ခွဲခန်းများ ကျောင်းစာကြည့်တိုက်အခန်းများလည်း လိုအပ်ပါသည်။ ကျေးရွာတွင် ပညာရေး တိုးတက်စေရန် ပညာရေးဌာနမှ ဦးစီး၍ လိုအပ်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

(c) ကျေးရွာကွက်သစ်တိုးချဲ့ရန်နှင့် ကျေးရွာတွင်းလမ်းများကောင်းမွန်အောင် ဆောင်ရွက်ခြင်း

ကျေးရွာတွင် လူနေအိမ်များစိပ်၍ ထူထပ်ခြင်းများကြောင့် သဘာဝဘေးအန္တရာယ်များ စိုးရိမ်ရခြင်း၊ လမ်းများမှာ ပြုပြင်မှုအားနည်းခြင်း၊ မြေသားလမ်းများဖြစ်ခြင်းတို့ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်နှင့် စည်းစနစ်ကျ၍ ကောင်းမွန်သော် အခြေခံအဆောက်အဦးများ တည်ဆောက်နိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များမှ ဦးဆောင်၍ ဝိုင်းကွက်သစ်များ တိုးချဲ့ပေးခြင်း၊ ကျေးလက်ဦးစီးဌာနမှ ဦးစီး၍ လမ်းများပြုပြင်ခြင်းများကို ဆောင်ရွက်သင့်ပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					
လမ်းများကောင်းမွန်လာစေရန်	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁၀၀	၁	-လမ်းကော်မတီဖွဲ့စည်းခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း -ရန်ပုံငွေများကောက်ခံခြင်း - ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း -လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း -လမ်းအား ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းခြင်း	ကျေးလက်ဦးစီးဌာန
လမ်းများကောင်းမွန်လာစေရန်	ကျေးလက်ကျန်းမာရေးဆေးခန်းအဝင်လမ်းကွန်ကရစ်ခင်းခြင်း	၉၄	၂	-လမ်းကော်မတီဖွဲ့စည်းခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း -ရန်ပုံငွေများကောက်ခံခြင်း - ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း -လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း - လမ်းအား ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းခြင်း	ကျေးလက်ဦးစီးဌာန

	ကျေးရွာတွင်း တောင်မြောက်လမ်းမ ကွန်ကရစ် ခင်းခြင်း	၈၂	၃	-လမ်းကော်မတီဖွဲ့စည်းခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း -ရန်ပုံငွေများကောက်ခံခြင်း - ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း -လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း - လမ်းအား ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းခြင်း	
	ကျေးရွာတွင်း အရှေ့အနောက်လမ်းမ ကွန်ကရစ်ခင်းခြင်း	၇၈	၄	-လမ်းကော်မတီဖွဲ့စည်းခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း -ရန်ပုံငွေများကောက်ခံခြင်း - ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း -လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း - လမ်းအား ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းခြင်း	

	ရွာအဝင်လမ်း ကွန်ကရစ် ခင်းခြင်း	၆၁	၅	-လမ်းကော်မတီဖွဲ့စည်းခြင်း -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း -ရန်ပုံငွေများကောက်ခံခြင်း - ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း -လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	အဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။	ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်း	၁	✓				
၂။	ကျေးလက်ကျန်းမာရေးဆေးခန်း အဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၂		✓			
၃။	ကျေးရွာတွင်း တောင်မြောက် လမ်းမ ကွန်ကရစ်ခင်းခြင်း	၃			✓		
၄။	ကျေးရွာတွင်း အရှေ့အနောက် လမ်းမ ကွန်ကရစ်ခင်းခြင်း	၄				✓	
၅။	ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၅					✓

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော

ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသား ချင်းစာနာ မှု ဆိုင်ရာ ထောက်ပံ့ မှု
				ငွေလုံး ငွေရင်း အသုံး စရိတ်	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း ခြင်း	၁၅၀	၂ သိန်း	၁၄၈ သိန်း	-	-
၂	ကျေးလက်ကျန်းမာရေး ဆေးခန်း အဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၃၀၀	၂ သိန်း	၂၉၈ သိန်း	-	-
၃	ကျေးရွာတွင်း တောင်မြောက် လမ်းမ ကွန်ကရစ်ခင်းခြင်း	၄၅၀	၂ သိန်း	၄၄၈ သိန်း	-	-
၄	ကျေးရွာတွင်း အရှေ့အနောက် လမ်းမ ကွန်ကရစ်ခင်းခြင်း	၆၀၀၀	၁၀ သိန်း	၅၉၉၀ သိန်း	-	-
၅	ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၃၀၀၀	၅ သိန်း	၂၉၅၅ သိန်း	-	-

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန် ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊

အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နန်းများ တည်ဆောက် ပါမည်။

(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့ အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ် ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သား များ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၄၁	၂၅	၆၆	၁.၄၁%
၁ နှစ်မှ ၅နှစ်အောက်	၅ နှစ်အောက် ကလေးငယ်	၁၂၇	၁၃၇	၂၆၄	၅.၆၄%
၅ နှစ်မှ ၉ နှစ်အထိ	မူလတန်းကျောင်းသား အရွယ်	၁၂၆	၁၁၉	၂၄၅	၅.၂၃%
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်း သား အရွယ်	၁၈၀	၁၈၄	၃၆၄	၇.၇၈%
၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ	အလုပ်လုပ်နိုင်သည့် အရွယ်	၁၈၈၃	၁၅၆၇	၃၄၅၀	၇၃.၇၈%
၆၀နှစ်နှင့်အထက်	သက်ကြီးရွယ်ကြီး	၁၀၉	၁၇၈	၂၈၇	၆.၁၃%
စုစုပေါင်း လူဦးရေ- ၄၆၇၆		**၂၄၆၆**	**၂၂၁၀**	**၄၆၇၆**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု – ၁၂၁၁		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄ ဦး**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ဆင်ခေါင်းကျေးရွာအုပ်စု၊ ဆင်ခေါင်းကျေးရွာသည် မင်းဘူး-အမ်း ကားလမ်းမကြီး ဘေးတွင် တည်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၂၁၁)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၄၆၇၆)ဦးရှိပါသည်။ ၁ နှစ်အောက်ကလေးမှာ ကျား (၄၁)ဦး၊ မ(၂၅)ဦး၊ စုစုပေါင်း(၆၆)ဦးရှိပြီး ၁.၄၁% ရှိပါသည်။ ၁ နှစ်မှ ၅ နှစ်အောက်ကလေးမှာ ကျား (၁၂၇)ဦး၊ မ(၁၃၇)ဦး၊ စုစုပေါင်း(၂၆၄)ဦးရှိပြီး ၅.၆ % ရှိပါသည်။ ၅ နှစ်မှ ၉ နှစ်ထိ မူလတန်းကျောင်းသားအရွယ်ကလေးမှာ ကျား (၁၂၆)ဦး၊ မ(၁၁၉)ဦး၊ စုစုပေါင်း (၂၄၅)ဦးရှိပြီး ၅.၃၄ % ရှိပါသည်။ ၉ နှစ်အထက်မှ ၁၅ နှစ်ထိ အလယ်တန်းကျောင်းသားအရွယ်ဦးရေမှာ ကျား

(၁၈၀)ဦး၊ မ(၁၈၄)ဦး၊ စုစုပေါင်း(၃၆၄)ဦးရှိပြီး ၈.၈၂ % ရှိပါသည်။ ၁၅နှစ်အထက်မှ ၆၀ နှစ်ထိ အလုပ်လုပ်နိုင်သည့်အရွယ်ဦးရေမှာ ကျား (၁၈၈၃)ဦး၊ မ(၁၅၆၇)ဦး၊ စုစုပေါင်း(၃၄၅၀)ဦးရှိပြီး ၇၃.၇၈% ရှိပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်ကြီးဦးရေမှာ ကျား (၁၀၉)ဦး၊ မ(၁၇၈)ဦး၊ စုစုပေါင်း(၂၈၇)ဦးရှိပြီး ၆.၁၃% ရှိပါသည်။ ကျွန်တော်တို့ကျေးရွာသည် လူဦးရေ အရေအတွက် များပြားစွာရှိသည့်အနက် လူစွမ်းအားအရင်းအမြစ်အနေဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်များပြားစွာရှိပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၄၄၃	၃၆.၅၈	၉၁၀	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၇၆၃	၆၃	၂၁၄၂	၅၈	-
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၅	ကျောက်မီး သွေး-၃ ရေနံမှော်-၂
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၀၈	၁	-	စက်ဘီးပြင်-၁
	အလုပ်သမား၊ ကျပန်း၊	-		-	၁	TV ပြင်-၁

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား		-			
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၆	စက်ချုပ်-၆
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄	၀.၃	၁၇	-	ဈေးရောင်း-၂
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၂	ဈေးရောင်း-၂
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	စားသောက်ဆိုင်-၁
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊	-		-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား		-			
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	စိုက်ပျိုးရေး-၁
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၉	ဆရာမ-၉
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား					
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	၄၉	စက််ဘူ၊ ထိုင်း၊ ရန်ကုန်
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	၁	ဆိုလာစက်ရုံ -၁
	စုစုပေါင်း	၁၂၁၁	၁၀၀	၃၀၇၀	၁၃၃	–

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ဆင်ခေါင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် လုပ်ကိုင်နေသောမိသားစု(၄၄၃)စု (၃၆.၅၈)%ဖြစ်ပြီး မိသားစုဝင်ဦးရေ(၉၁၀)ယောက်နှင့် လုပ်ကိုင်လျက်ရှိပြီး ကျပန်းလယ်ယာလုပ်ကိုင်သူ မိသား(၇၆၃)စု (၆၃)%ဖြစ်ပြီး မိသားစုဝင်ဦးရေ (၂၁၄၂)ဦးနှင့် တွဲဖက်လုပ်ကိုင်သူ (၅၈)ဦးတို့ လုပ်ကိုင်လျက်ရှိပါသည်။ ထို့ပြင်ကျောက်မီးသွေးနှင့် ရေနံတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ (၅)ဦးရှိပါသည်။ ထို့ပြင် စက်ကိရိယာပြင်ဆင်ရေးလုပ်ငန်းများဖြစ်သော စက်ဘီး/ဆိုင်ကယ်ပြုပြင်ရေးနှင့် တီဗွီပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်သူ (၂)ဦးရှိပြီး စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ(၆)ဦးရှိပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းဖြစ်သော ဈေးရောင်းလုပ်ငန်းလုပ်ကိုင်သူ မိသားစု(၄)စုဖြစ်ပြီး မိသားစုဝင်(၇)ဦးနှင့် တွဲဖက်လုပ်ကိုင်သူ (၂)ဦးတို့ဖြင့် လုပ်ကိုင်ကြပါသည်။ စားသောက်ဆိုင်ဝန်ထမ်း(၁)ဦး စိုက်ပျိုးရေးဝန်ထမ်း(၁)ဦး၊ ပညာရေးဝန်ထမ်း ဆရာ/မ(၉)ဦး စသည်တို့အသီးသီးလုပ်ကိုင်ကြပါသည်။ ရာသီအလိုက် အငှားအလုပ်သမားနှင့် ပြည်တွင်းပြည်ပများသို့သွား၍ လုပ်ကိုင်သူ(၄၉)ဦးရှိပြီး ဆိုလာစက်ရုံ

ဝန်ထမ်း(၁)ဦးရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ငန်း အဖြစ် လုပ်ကိုင်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးကို အဓိကလုပ်ငန်း အဖြစ်လုပ်ကိုင်ကြောင်း၊ ကျပန်းလုပ်ကိုင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် လိုအပ်ကြောင်း သိရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၈၀၀၀	၇၀၀၀	၅၀၀၀	၄၀၀၀	-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	-
၃	ငါးလုပ်ငန်း- ရေချို/ ရေငန်ငါးဖမ်းခြင်း၊ငါးပိ၊ ငါးခြောက် လုပ်ငန်း	နေ့စား	-	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	၄၀၀၀	၃၀၀၀	၄၀၀၀	၃၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၅၀၀၀	-	၅၀၀၀	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၈၀၀၀	၈၀၀၀	၈၀၀၀	၈၀၀၀	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊	နေ့စား	၇၀၀၀	၇၀၀၀	၇၀၀၀	၇၀၀၀	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	သင်တန်းပေးသူ စသည်)						
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စား	၅၀၀၀	-	၅၀၀၀	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ဆင်ခြေဖင်းကျေးရွာတွင် လယ်ယာလုပ်ငန်းများအတွက် အများဆုံး လုပ်အားခ ကျား (၈၀၀၀)ကျပ် မ (၇၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံး လုပ်အားခ (၅၀၀၀)ကျပ် မ(၄၀၀၀)ကျပ် ဖြစ်ပါသည်။ ကျောက်မီးသွေးနှင့်ရေနံမှော် လုပ်ကိုင်သူများ၏ လုပ်အားခမှာ ကျား(၅၀၀၀)ကျပ် မ(၄၀၀၀)ကျပ် လက်လီလက်ကားစျေးသည်များနှင့် စက်ဘီးဆိုင်ကယ်နှင့် တီဗွီပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ပျမ်းမျှ (၈၀၀၀) ကျပ်မှ(၇၀၀၀)ကျပ်ထိ ရရှိကြောင်း သိရှိရပါသည်။ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဝင်ငွေများများရနိုင်မည့် နည်းပညာသင်တန်းများ ရရှိရန် လိုအပ်ကြောင်း သိရှိရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရှင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၉၃	သင့်	ရ	အိုင်းမရေလွှဲဆည်

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
ယာမြေ /တောင်ယာ	၃၈၇၁.၅	သင့်	မရ	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်းစိုက်ခင်း	-	-	-	-
နှစ်ရှည်သီးနှံစိုက်ခင်း	-	-	-	-
ရွှေ့ပြောင်းတောင်ယာမြေ	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
အခြား	-	-	-	-
စုစုပေါင်း	**၄၀၆၄.၇၅**	**-**	**-**	**-**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လယ်မြေလုပ်ကိုင်မှု ဧရိယာပေါင်း (၁၉၃.၂၅)ဧက ရှိပြီး မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက်

အိုင်းမဆည်မှ စိုက်ပျိုးရေကို အဓိကအားထားစိုက်ပျိုးရပါသည်။ ယာမြေဧရိယာက (၃၈၇၁.၅၀)က ရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပြီး စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးရပါသည်။ မိုးခေါင်သော နှစ်တွင် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ ထို့ကြောင့် ယာမြေများ စိုက်ပျိုးရေအဆင်ပြေရန် ရေတွင်းများ တူးဖော်ရန်လိုအပ်ပါသည်။

(၁.၃.၂) မာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)**
ကာဗွန် (မာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	မရှိ	လက်လှမ်းမမီ
အခြားသဘာဝ ရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကာဗွန်(ခါတ်ငွေ့၊ရေနံ)ရရှိနိုင်မှု မရှိပါ။ ရရှိနိုင်မှုမရှိသဖြင့် လက်လှမ်းမမီပါ။ အခြားသဘာဝအရင်းမြစ်များ ရရှိမှု နည်းပါးပါသည်။ လက်လှမ်းမီနိုင်မှုလည်း ခက်ခဲပါသည်။ သဘာဝအပင်မျိုးစိတ်များဖြစ်သော နွားစာနှင့် ဆေးဘက်ဝင်အပင်များ ရရှိနိုင်မှု အသင့်တင့် ရှိပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀	၁၀	၅	မြေယာမဲ့
အိမ်အခြေအနေ	ပျဉ်ထောင်၊သွပ်မိုး	သွပ်မိုး၊ ထရံကာ	သွပ်မိုး၊ ထရံကာ	သက္ကယ်မိုး၊ ထရံကာ
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ခြွေလှေ့စက်၊ နွားစာစဉ်းစက် ထွန်စက်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်	ထွန်စက်၊ လက်တွန်း ထွန်စက်၊ လည်း၊ နွား	လှည်း၊ နွား၊ ထွန်ထယ် ကိရိယာ	ထွန်ထယ် ကိရိယာ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်၊ TV၊ ဖုန်း၊ ရေခဲသေတ္တာ၊ လုပ်ငန်းသုံးကား	သုံးဘီး၊ ဆိုင်ကယ်၊ ဖုန်း၊ TV၊ ရေခဲသေတ္တာ	ဆိုင်ကယ်၊ ဖုန်း၊ TV	ဆိုင်ကယ်၊ ဖုန်း
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူ၊ ကျပန်း	မွေးမြူရေး
အခြားပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်	ဆိုင်ကယ်	ဆိုင်ကယ်	ဆိုင်ကယ်

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသောအိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
အိမ်ထောင်စု -	၆၂ (၅.၁၁ %)	၂၀၀ (၁၆.၅၁%)	၅၆၀ (၄၆.၂၄%)	၃၈၉(၃၂.၁၂%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု (၁၂၁၁)စုရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၆၂)စုရှိပါသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ ယာလုပ်ငန်းဖြစ်ပြီး လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှုမှာ ခြွေလှေ့စက်နှင့် နွားစာစဉ်းစက်၊ ထွန်စက်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်များရှိပါသည်။ အိမ်အခြေအနေမှာ ပျဉ်ထောင်အိမ်များ ဖြစ်ပါသည်။ ကား၊ ဆိုင်ကယ်၊ ရေခဲသေတ္တာများလည်းရှိပါသည်။ အလယ်အလတ်အိမ်ထောင်စုမှာ (၂၀၀)စုရှိပြီး လယ်ယာမြေ၈ကေ (၁၀)ကေပိုင်ဆိုင်ကြပါသည်။ နေအိမ်မှာ သွပ်မိုးထရံကာဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံးစက်ပစ္စည်းအဖြစ် လယ်တွန်းထွန်စက်နှင့် လှည်းနွားသာ ပိုင်ဆိုင်ကြပါသည်။ သုံးဘီးဆိုင်ကယ်၊ TV ၊ ရေခဲသေတ္တာတို့ ပိုင်ဆိုင်ပြပါသည်။ ဆင်းရဲသောအိမ်ထောင်စုမှာ (၅၆၀)စုရှိပါသည်။ မြေယာပိုင်ဆိုင်မှုမှာ (၅)၈ကေ ပတ်ဝန်းကျင်သာရှိပါသည်။ လှည်းနွားနှင့် ထွန်ထယ်ကိရိယာသာ ပိုင်ဆိုင်ပါသည်။ တောင်သူ၊ ကျပန်းအလုပ်ကို လုပ်ကိုင်ကြပါသည်။ အလွန်ဆင်းရဲသောမိသားစုမှ (၃၈၉)စုရှိပါသည်။ မြေယာမရှိ၍ မွေးမြူရေးနှင့် ကျပန်းအလုပ်သာလုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်	၇၈	-	ချေးယူ
၃ လနှင့် ၆ လအောက်	၁၅၇	-	ချေးယူ
၆ လ မှ ၁၂ လ အထိ	၆၇	-	ချေးယူ

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စားသောက်နေထိုင်ရေးအတွက် ဆင်းရဲသောမိသားစုများ၏ (၃၀)ရာခိုင်နှုန်း ဝမ်းစာဖူလုံမှုစစ်တမ်းများမှာ ၃ လအောက် (၇၈) အိမ်ထောင်စု၊ ၃လနှင့် ၆လအောက် (၁၅၇)အိမ်ထောင်စုနှင့် ၆ လမှ ၁၂ လအထိ (၇၁) အိမ်ထောင်စုတို့ အသီးသီးဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများသည် စားဝတ်နေရေး ပြေလည်စေရန် ချေးယူဖြေရှင်းရသဖြင့် အကြွေးတင်ရှိမှုများလည်းရှိကြောင်း တွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစဦးရေများသည့် အမျိုးသမီးဦးဆောင်	၂၆		

အကြောင်းအရာ	ကျား	မ	ပေါင်း
အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများအနေဖြင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂၆)စုနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၃၀)စု အသီးသီးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်	ကျေးရွာဖွံ့ဖြိုးမှု အားနည်းသဖြင့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	လတ်	လယ်မြေအတွက် ဆည်ရေရှိသော်လည်း ယာမြေမှာ မိုးရေကိုသာ အဓိကအားထားရခြင်း
၃	ရေကြီးခြင်း	-	-
၄	မိုးခေါင်ခြင်း	မြင့်	မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသကျခြင်း

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၅	အအေးလွန်ကဲခြင်း	နိမ့်	-
၆	မုန်တိုင်း	နိမ့်	ကမ်းရိုးတန်းဒေသနှင့်ဝေးကွာခြင်း
၇	ငလျင်	နိမ့်	မြန်မာနိုင်ငံ၏ ငလျင်ဖြစ်တည်မှု ပင်မကြောနှင့်ဝေး
၈	မီးဘေး	လတ်	လူနေအိမ်ထူထပ်၊ အိမ်ခြေစိပ်ခြင်း
၉	ဆားငန်ရေဝင်မြေ	-	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	လတ်	မြေဆီလွှာပြုပြင်မှုအားနည်းခြင်း
၁၁	သစ်တောပြုန်းတီးခြင်း	-	-
၁၂	၄က်ဖျားရောဂါ	လတ်	ကျန်းမာရေးအသိပညာဖွံ့ဖြိုးမှုအား နည်းခြင်း
၁၃	တီဘီရောဂါ	လတ်	ကျန်းမာရေးအသိပညာဖွံ့ဖြိုးမှုအား နည်းခြင်း
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-	-
၁၅	ပြည်တွင်း ပဋိပက္ခ	-	-
၁၆	တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	ကာကွယ်ဆေး ပံ့မှန်မထိုးခြင်း
၁၇	လူကုန်ကူးခြင်း	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	နိမ့်	-
၁၉	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင် စားနပ်ရိက္ခာဖူလုံမှုမှာ မြင့်မားစွာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာဖွံ့ဖြိုးမှုအားနည်းခြင်း သီးနှံစားနပ်ရိက္ခာသိုလှောင်ထားနိုင်မှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ စိုက်ပျိုးရေမှာ အတော်အသင့်ရှားပါးပါသည်။ ယာမြေမှာ မိုးရေကိုသာ အားထားရသောကြောင့်ဖြစ်ပါသည်။ စိုက်ပျိုးမြေများမှာ နှစ်များကြာမြင့်ပြီဖြစ်သော်လည်း မြေဆီလွှာပြုပြင်မှုအားနည်းသောကြောင့် မြေဆီလွှာပျက်ယွင်းမှုများ အတော်အသင့်ရှိပါသည်။ ကျန်းမာရေးအသိပညာဖွံ့ဖြိုးမှု အားနည်းသောကြောင့် ငှက်ဖျားရောဂါနှင့်တီဘီရောဂါများလည်း ဖြစ်ပွားတတ်ပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများလည်း ဖြစ်ပွားတတ်သည်ကို တွေ့ရပါသည်။ ကူးစက်ရောဂါကာကွယ်ဆေးထိုးမှု အားနည်းသောကြောင့်ဖြစ်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အသိပညာနည်းပါးခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	အမျိုးသားများနှင့် တန်းတူ လုပ်ကိုင်ရခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	-	-
၅	မြစ်ကမ်းဘေး နေထိုင်သူများ	-	-
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	-	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	-	-
၉	ငါးကန်ပိုင်ရှင်	-	-
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	-	-
၁၁	လူနည်းစုလူမျိုးများ	-	-

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	-	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	-	-
၁၄	ရွှေတွင်းလုပ်သား	-	-
၁၅	ဆေးစွဲသူများ	-	-
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	လတ်	ကျန်းမာရေးအသိပညာနည်းပါး ခြင်း
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	-	-
၁၈	နေရပ်ပြန် အခြေချသူများ	-	-
၁၉	ရွှေ့ပြောင်းလုပ်သားများ	-	-
၂၀	ကားသမား	-	-
၂၁	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာရှိ လူငယ်များသည် ထိခိုက်မှု မြင့်မားစွာ ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အသိပညာဗဟုသုတ နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများသည် အမျိုးသားများနှင့် တန်းတူလုပ်ကိုင်ရခြင်း၊ လုပ်ငန်းပေါင်းစုံလုပ်ကိုင်ရခြင်တို့ကြောင့် ထိခိုက်မှုများဖြစ်နိုင်ပါသည်။ မြေယာမဲ့ဆင်းရဲသား တောင်သူများအနေဖြင့်လည်း ကိုယ်ပိုင်ရင်းနှီးငွေမရှိခြင်း၊ ရရာကျပန်းအလုပ်ကိုသာ လုပ်ကိုင်ရခြင်းတို့ကြောင့် ထိခိုက်ပျက်စီးမှုများရှိနိုင်ပါသည်။

ကျန်းမားရေးအသိပညာနည်းပါးသောကြောင့် ကူးစက်ရောဂါများလည်း ဖြစ်ပွားနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဝတ်အသင်း	၃	၃	၁၂	၁၅	ဝတ်ရွက်ရန်	၄	၈
၂	ပရဟိတ ကျန်းမာရေး	၂	၁၅	၃	၁၈	ကျန်းမာရေး ငွေချေး	၄	၇
၃	လူငယ်အဖွဲ့	၃	၁၅	၁၀	၂၅	သာရေး နာရေး	၄	၈
၄	သမ	၁	၂၀	-	၂၀	စိုက်ပျိုးရေး ချေးငွေ	၅	၆
၅	ပက်ချေးငွေ	၁	-	၃၀	၃၀	ချေးငွေ	၅	၆
၆	ဓမ္မစကူး	၃	၂၀	၁၅	၃၅	ဘာသာရေး	၄	၇
၇	ယဉ်ကျေးမှု သင်တန်း	၃	၈	၁၂	၂၀	ဘာသာရေး	၄	၇

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့(အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဘာသာရေးအဖွဲ့အစည်းများဖြစ်သော ယဉ်ကျေးမှုသင်တန်း၊ ဓမ္မစကူးသင်တန်းနှင့် ဝတ်အသင်းအဖွဲ့များရှိကြပါသည်။ ထိုအဖွဲ့များသည် ကျေးရွာလူထုကိုယ်တိုင်ဦးစီးဖွဲ့စည်းထားပြီး စွမ်းဆောင်နိုင်မှုမှာ (၇/၈) အဆင့်မျှသာရှိပါသည်။ ထို့ပြင်ပရဟိတကျန်းမာရေးအဖွဲ့နှင့် လူငယ်အဖွဲ့များလည်း ရှိပါသည်။ ထိုအဖွဲ့များသည်လည်း ကျေးရွာလူထုကိုယ်တိုင်ပါဝင်ဖွဲ့စည်းထားပါသည်။ သမချေးငွေလုပ်ငန်းသည် ပြင်ပအဖွဲ့အစည်းမှ လာရောက်ဦးဆောင်ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	သမချေးငွေ	၂	စိုက်ပျိုးစရိတ်ချေးငွေ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ သမချေးငွေလုပ်ငန်းဖြစ်ပါသည်။ ထိုအဖွဲ့အစည်း များသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးစရိတ်ချေးငွေလုပ်ငန်းကို အဓိကအားထား၍ လုပ်ဆောင်ပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ် ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ် ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၈၉	၃၂.၁၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၆၀	၂၁.၄၆	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၃၀၀	၂၄.၇၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀၀	၁၆.၅၁	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၆၂	၅.၁၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၂၁၁**	**၁၀၀**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၃၈၉)စုရှိပြီး ၃၂.၁၂ % ရှိပါသည်။ ၂.၅ ဧကအောက်ပိုင်ဆိုင်သော အိမ်ထောင်စု(၂၆၀)စုရှိပြီး ၂၁.၄၆% ရှိပါသည်။ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော အိမ်ထောင်စု(၃၀၀) စုရှိပြီး ၂၄.၇၇% ရှိပါသည်။ ၅ ဧကမှ ၁၂.၅ ဧကကြားပိုင်ဆိုင်သော အိမ်ထောင်စု(၂၀၀) စုရှိပြီး ၁၆.၅၁% ရှိပါသည်။ ၁၂.၅ ဧကအထက်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၆၂)စု ရှိပြီး ၅.၁၁% ရှိသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ / ပုဂ္ဂလိက	ရေသောက် ဧက	ရရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)

စဉ်	ရင်းမြစ်	အစိုးရ / ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	အစိုးရ	-	ရာသီအလိုက်	ရှိ
၂	ရေလွှဲဆည်	-	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-	-
၄	အဝီစိတွင်း	ပုဂ္ဂလိက	၁၀	တန္နစ်ပတ်လုံး	ရှိ
၅	လက်ငင်ရေတွင်း	-	-	-	-
၆	စိမ့်စမ်းရေ	-	-	-	-
၇	ချောင်းရေ	-	-	-	-
၈	အခြား/မိုးရေ	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေအတွက် ရေအရင်းမြစ်ကို လယ်မြေအတွက် အစိုးရဆည်ရေမှရရှိပြီး ယာမြေများမှာ မိုးရေနှင့် အဝီစိတွင်းများမှ ရရှိပါသည်။ အဝီစိတွင်းတစ်တွင်းလျှင် ၁၀-၁၅ ဧကအထိသာ သုံးနိုင်ပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်	သီးနှံထွက်မှု	သီးနှံ စိုက်ပျိုး သည့် ကာလ	သွင်းအား စု လိုအပ်	အမြတ် ရရှိနိုင်မှု (နိမ့်/	မှတ် ချက်

	ကော	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	ချက်(နှိမ့်/လတ်/မြင့်)	လတ်/မြင့်)	
နှမ်း	၃၀၇၁	တင်း	၂	၇	၄.၅	မေလ	ဩဂုတ်	မြင့်	နိမ့်	
မြေပဲ	၇၀၀	တင်း	၁၅	၄၀	၂၇.၅	စက်တင်ဘာ	ဒီဇင်ဘာ	မြင့်	နိမ့်	
ပဲတီစိမ်း	၁၀၀.၅	တင်း	၁၅	၇၅	၄၅	ဩဂုတ်	နိုဝင်ဘာ	မြင့်	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သီးနှံထွက်နှုန်းမှာ နှမ်း ၁ ဧကလျှင် အများဆုံး ၇ တင်း၊ အနည်းဆုံး ၂ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၄.၅တင်းထွက်ရှိပါသည်။ နှမ်းကို မေလမှ ဩဂုတ်လအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ မြေပဲကို ၁ ဧကလျှင် အများဆုံး ၄၀ တင်း၊ အနည်းဆုံး ၁၅ တင်းမျှ ထွက်ရှိပြီး ပျမ်းမျှ ၂၇.၅ တင်းထွက်ရှိပါသည်။ မြေပဲကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ ပဲတီစိမ်းကို ၁ ဧကလျှင် အများဆုံး ၇၅ တင်း၊ အနည်းဆုံး ၁၅ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၄၅ တင်း ထွက်ရှိ ပါသည်။ ပဲတီစိမ်းကို ဩဂုတ်လမှ နိုဝင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု			စက်ကိရိယာငှားရမ်း	မှတ်ချက်/
	တစ်	အဖွဲ့ပိုင်	ရွာပိုင်		

	ဦး ချင်း ပိုင်	အရေ အတွ က်	လယ် သမား ဦးရေ	အရေ အတွက်	လယ် သမား ဦးရေ	လုပ်ကိုင် နေသော တောင်သူ အရေအတွက်	အခြေ အနေ
ထွန်စက်	၅	-	-	-	-	၁၅၀	-
လက်တွန်း ထွန်စက်	၇	-	-	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-	-	-	-
ရိတ်သိမ်း ခြွေလှေ့စက်	-	-	-	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-	-	-	-
ခြွေလှေ့စက်	၃	-	-	-	-	-	-
ရေစုပ်စက်	၁၂	-	-	-	-	-	-
ခြေနင်းရေတင် စက်	-	-	-	-	-	-	-
မြက်ရိတ်စက်	-	-	-	-	-	-	-
အခြား	၅	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ထွန်စက်ပိုင်ဆိုင်သူ(၅)ဦး၊ လက်တွန်းထွန်စက်ပိုင်ဆိုင်သူ(၇)ဦး၊ ခြွေလှေ့စက်ပိုင်ဆိုင်သူ(၃)ဦး၊ ရေစုပ်စက်ပိုင်ဆိုင်သူ

(၁၂)ဦးနှင့် နွားစာစဉ်းစက်ပိုင်ဆိုင်သူ(၂)ဦးရှိပါသည်။ ကျန်သောတောင်သူများမှာ ထိုစက်များကိုသာ အားကိုးငှားရမ်းလုပ်ကိုင်နေရသောကြောင့် စိုက်ပျိုးချိန်မမီခြင်းများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မြေဆီဩဇာမှာ အသင့်အတင့်ကောင်းမွန်ပါသည်။
ရေရင်းမြစ်	မိုးရေ/ ရေသိုလှောင်ကန်မှ ရရှိသည်။
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	နွားချေး၊ ဆိတ်ချေး၊ သစ်ရွက်ဆွေးများရရှိပါသည်။
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	ကျေးရွာအတွင်းနှင့် မြို့များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	စိုက်ဘဏ်၊ သမ
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အစိုးရ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။
သွင်းအားစုစျေးကွက်	မြို့နဲ့နီး၍ လက်လှမ်းမီ
ထုတ်လုပ်မှုစျေးကွက် နှင့်ကုန်သွယ်မှု	မင်းဘူး-မကွေးမြို့သို့ သွားရောက်ရောင်းချနိုင်ပါသည်။
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာအတွက် သီးနှံထွက်နှုန်းတိုးစေရန် အခွင့်အလမ်းများမှာ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်စွာရရှိပါသည်။ စိုက်ရေ အရင်းအမြစ်အဖြစ် မိုးရေကိုလည်းရရှိပါသည်။ သဘာဝမြေဆွေးအဖြစ် နွားချေးကို အသုံးပြုပါသည်။ အော်ဂဲနစ်၊ ဓာတုပိုးသတ်ဆေးများကိုလည်း မြို့ကြီးများသို့ အလွယ်တကူ သွား၍ဝယ်ယူ၍ ရရှိပါသည်။ ချေးငွေဝန်ဆောင်မှုအဖြစ် မြန်မာ့လယ်ယာ စိုက်ပျိုးရေး ဘဏ်နှင့် သမတို့မှ ချေးယူရရှိပါသည်။ နည်းပညာများကို စိုက်ပျိုးရေးဆေးကုမ္ပဏီအချို့မှ ကူညီမှုရရှိပါသည်။ သွင်းအားစုများနှင့် ထုတ်လုပ်မှုစျေးကွက်မှာ မြို့နှင့်နီး၍ ဝယ်ယူ/ရောင်းချခြင်းများ ပြုလုပ်ရန် လွယ်ကူပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	-
မြေဆီဩဇာအခြေအနေ	ဓါတုဆေးများ သုံးစွဲခြင်း၊ မြေပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ငွေကြေးအရင်းအနှီးရရှိမှု အချိန်မီလုံလောက်မှုမရှိပါ။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ငွေကြေးမလုံလောက်ခြင်း
လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ)	စိုက်ပျိုးရာသီသာ အလုပ်ရှိပြီး ကျန်အချိန်များမှာ အလုပ်မရှိသောကြောင့် နယ်ထွက်သူများခြင်း
ရေရင်းမြစ်များ ရရှိနိုင်မှု	ရာသီဥတုပေါ်မှာမှီခိုရခြင်းကြောင့် အခက်အခဲဖြစ်နိုင်သည်
စိုက်ပျိုးရေ မလုံလောက်မှု	မိုးရေကိုသာ အသုံးပြုရသောကြောင့်ဖြစ်သည်။

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
ဖျက်ပိုးနှင့် ရောဂါ	ပိုးသတ်ဆေးများ စနစ်တကျ မသုံးစွဲနိုင်ခြင်း
စျေးကွက် လက်လှမ်းမီမှု	လက်လှမ်းမီသော်လည်း စျေးမှန်မရရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မိရိုးဖလာ စိုက်ပျိုးနည်းအတိုင်း
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် မြေဆီဩဇာအခြေအနေမှာ ဓါတုဆေးများ သုံးစွဲခြင်းနှင့် မြေပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ပျက်စီးမှုများရှိပါသည်။ ငွေကြေးအရင်းအနှီး ရရှိနိုင်မှုအခြေအနေမှာ သွင်းအားစုများ အချိန်မှီ မရရှိခြင်းတို့ကြောင့် အခက်အခဲရှိပါသည်။ လုပ်သားရှားပါးမှုပြဿနာမှာ စိုက်ပျိုးရာသီသာ အလုပ်ရှိပြီး ကျန်အချိန်များမှာ အလုပ်မရှိသောကြောင့် နယ်ထွက်သူများ များပြားလာပါသည်။ မိုးရေကိုသာ အသုံးပြုရသောကြောင့် စိုက်ပျိုးရေမလုံလောက်ပါ။ ပိုးသတ်ဆေးများ စနစ်တကျ မသုံးစွဲနိုင်မှုကြောင့် ဖျက်ပိုးနှင့် ရောဂါများရှိတတ်ပါသည်။ စျေးကွက်အား လက်လှမ်းမီသော်လည်း စျေးမှန်မရရှိပါ။ မိရိုးဖလာ စိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးရသောကြောင့် နည်းပညာအကူအညီနှင့် နည်းလမ်းများ ပြဿနာရှိတတ်ပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၂၇၂	၆၄၂	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
နို့စားနွား	-	-	-
မြင်း	-	-	-
ကျွဲ	-	-	-
မြည်း	-	-	-
လား	-	-	-
ဆိတ်	-	-	-
သိုး	-	-	-
ဝက်	၁၆၁	၂၂၇	-
ကြက်	၂၅၅	၁၇၅၇	-
ဘဲ	၁	၁	-
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			
ငါးကန်	-	-	-
ပုဇွန်ကန်	-	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	-
